

## တပတ်အတွင်း သာရေးသတင်းများ

■ အာဏာသိမ်းစစ်ကောင်စီအဖွဲ့ဝင် ဦးသိန်းညွန့်၏နေအိမ်မှာ မနေ့က ညနေ ၇ နာရီ ၁၅ မိနစ်တွင် လက်လုပ်ဗုံး ၃ လုံးဖြင့် တိုက်ခိုက်ခံခဲ့ရ (၂၂.၄.၂၀၂၁)

■ အာဏာသိမ်းစစ်ကောင်စီအကြမ်းဖက်အဖွဲ့ကခန့်ထားတဲ့ လူကယ်ပြန်ဝန်ကြီး ဒေါ်သက်သက်ခိုင်ရဲ့ ရန်ကုန်ရှိ နေအိမ်မှာ ည ၉ နာရီလောက်က ဗုံးပေါက်ကွဲခဲ့။ (၂၃.၄.၂၀၂၁)

■ ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ဝန်ကြီးများနေထိုင်သည့်အိမ်ရာကို စောင့်ကြပ်ရသည့် စစ်ကောင်စီ လက်နက်ကိုင်တပ်ဖွဲ့မှ ရဲနှင့် စစ်သားတို့ မနေ့က ည ၇ နာရီခွဲခန့်တွင် အချင်းချင်းပစ်ခတ်ကြရာ စစ်သား ၂ ဦးသေဆုံး။ (၂၄.၄.၂၀၂၁)

■ ပြည်မြို့အခြေစိုက် လက်ရုံးတပ်တခုဖြစ်သည့် လျှပ်စစ်နှင့်စက်မှု အမှတ် ၉၅၉ တပ်မှ စစ်သား ၃ ဦး မနေ့က မနက်အစောပိုင်းက လက်နက်များ ယူဆောင်၍ ထွက်ပြေး။ (၂၄.၄.၂၀၂၁)

■ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့မှာ ရဲနဲ့စစ်သား အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားပြီး တဦးသေဆုံးကာ တဦး ဒဏ်ရာ ရရှိ။ (၂၅.၄.၂၀၂၁)

■ ရန်ကုန်၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာ ၄ လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့။ (၂၅.၄.၂၀၂၁)

■ ရန်ကုန်၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာ ဗုံး ၃ လုံး ပေါက်ကွဲခဲ့။ (၂၅.၄.၂၀၂၁)

■ ထိုင်း–မြန်မာနယ်စပ် သော်လယ်ထာ(မဲ့စန်လက်) စစ်ကောင်စီတပ်စခန်းကို မနက်အစောပိုင်းမှာ ကရင်အမျိုးသားစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအန်ယူ၊ ကေအန်အယ်လ်အေ) တပ်မဟာ ၅ က တက်ရောက်သိမ်းယူခဲ့။ (၂၇.၄.၂၀၂၁)

■ ချင်းပြည်နယ် မင်းတပ်မြို့မှာ အာဏာသိမ်းစစ်ကောင်စီရဲ့ အကြမ်းဖက်စစ်တပ်နဲ့ ပြည်သူတွေ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားပြီး စစ်တပ်ဘက်က ၂၀ ယောက် သေဆုံးခဲ့။ (၂၇.၄.၂၀၂၁)

■ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် လမ်း ၇၀x၃၂ လမ်းရှိ အာဏာသိမ်းစစ်ကောင်စီက တင်ထားတဲ့ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းရဲ့နေအိမ် လက်လုပ်ဗုံးနဲ့ပစ်ခံရ။ (၂၇.၄.၂၀၂၁)

ယခု "သာရေးသတင်းများ"သည် မိုလိုတော့ဗ်စာစဉ်မှ
လက်လှမ်းမီသလောက်စုစည်းထားသော တပတ်အတွင်း သတင်းများသာဖြစ်ပါသည်။
ဤအထဲတွင် စစ်တပ်ပိုင်အဆောက်အအုံများနှင့် ကားများ၊ ရပ်ကွက်ထွေအုပ်ရုံးများ
ဗုံးပေါက်ကွဲမှုသတင်းများနှင့် မီးလောင်ကျွမ်းမှုသတင်းများကို
စာမျက်နှာအခက်အခဲကြောင့် မဖော်ပြနိုင်ခဲ့ပါ။
နောက်တပတ်တွင် သာရေးသတင်းများကို စာမျက်နှာတိုး၍
ဝေဝေဆာဆာဖော်ပြနိုင်ရန် ပြည်သူများက သာရေးသတင်းများတိုးပွားဖို့
ကိုယ်တိုင်ဖန်တီး၍ တိုက်ပွဲဝင်ပေးကြပါရန် မိုလိုတော့ဗ်မှ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။





# မိုလိုတော့ဗ်

အတွဲ–၁ ၊ အမှတ်–၅ ၊ မေ ၊ ၂၀၂၁

၁။ လူထုလှုပ်ရှားမှုများနှင့် အဆက်မပြတ်စေရန် ၂။ လှုပ်ရှားမှုနည်းနာများကို မျှဝေနိုင်ရန် Molotov.to.Read





"ပြောက်ကျားရဲဘော်များသည် တော်လှန်ရေးအတွက် အဖိုးတန်ကျောက်မျက်ရတနာဖြစ်သည်။
ထို့ကြောင့် . . .
ကြေးစားစစ်သားများနှင့် အသက်တချောင်းလဲလှယ်ရသော အခြေအနေမျိုးကို ရှောင်ကြဉ်ရမည်။"

## စွန့်စားခဲ့သူများ

ကြယ်အစစ်က
မြေမှာသေတယ်
မြေမှာသေတဲ့ကြယ်ဟာ
နာမည်ရှိတယ်
မြေကိုတူးကြည့်ရင်
အရိုးငြိမ်းပဲရှိတယ်
ဒီအရိုးတွေက
ခင်ဗျားဘယ်လိုလူဆိုတာ
ပြောခဲ့ကြတယ်။ ။

● မင်းငြိမ်းအေး









## ပြည်တွင်း သတင်းအတိုအထွာ

(၂၂.၄.၂၀၂၁)
■ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ချင်းတော်လှန်ရေးအဖွဲ့သစ်ကြေညာ။
■ ပြည်သူ့ကာကွယ်ရေးတပ်မတော်တွင်ပါမည်ဟု ပထမဆုံး CDM ဗိုလ်ကြီးပြော။
■ ဗိုလ်မှူးညွှန့်နိုင် CDM လုပ်ပြီး ကေအန်ယူထံ ခိုလှုံ။
■ ရန်ကုန် အင်းစိန် အကျဉ်းထောင်ဝန်းထဲတွင် မနေ့ည (၂၃.၄.၂၀၂၁) ဂ နာရီလောက်က ဗုံးပေါက်ကွဲ။
■ မြန်မာနိုင်ငံတွင်းမှာ လူဦးရေ ၃ သန်းခွဲလောက်ဟာ လာမယ့် ၃ လကနေ ၆ လလောက်အတွင်း အငတ်ဘေးနဲ့ ရင်ဆိုင်ရနိုင်တယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် World Food Program က ထုတ်ပြန်။
■ အကြမ်းဖက်စစ်ခေါင်းဆောင်ကို ဖမ်းဆီးပေးရန် အင်တာပိုထံ NUG အစိုးရ အကြောင်းကြား။
(၂၃.၄.၂၀၂၁)
■ ရဲတပ်သား ဇေယျာထွန်း CDM Code မရသဖြင့် ရဲပြေးပုံစံသတ်မှတ်ခံရမည်ကို စိုးရိမ်။
■ NUG အစိုးရအဖွဲ့ဝင်များကို အကြမ်းဖက်စစ်အုပ်စုက အမှုဖွင့်တရားစွဲ။
■ ခင်ဦးမြို့ မြို့သစ်ရွာက အန်အယ်လ်ဒီပါတီ အလံနှင့်ဆိုင်းဘုတ်များ စစ်ကောင်စီတပ်ဖွဲ့မှ ဖျက်ဆီး။
■ မွန်ပြည်နယ်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ စတင်ဖွဲ့စည်း။
■ ထိုင်းနယ်ခြားစောင့်တပ်ဖွဲ့ဝင်များပါသည့်လှေကို မြန်မာစစ်တပ်က ပစ်ခတ်ခြောက်လှန့်။
■ မိုးကုတ်တွင် ပြည်သူ ၂ ဦးကိုဖမ်းဆီးပြီး ငွေကျပ်သိန်း ၇၀ ကို အကြမ်းဖက်စစ်အုပ်စု ယူဆောင်။
(၂၄.၄.၂၀၂၁)
■ မိတ္ထီလာတွင် မိဘ ဆရာ ကျောင်းသား သုံးနားညီတြိဂံ ကျောင်းမတက်ရေး ကမ်ပိန်းပြုလုပ်။
■ မြန်မာ့အရေး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလအထူးသံတမန် သီးသန့်စီဆွေးနွေး။
■ မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများရပ်တန့်ရန်နှင့် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ရန် အာဆီယံခေါင်းဆောင်များ တောင်းဆို။
(၂၅.၄.၂၀၂၁)
■ ဖက်ဒရယ်ပြည်ထောင်စုအရေးအတွက် တိုက်ပွဲဝင်ခဲ့ကြတဲ့ တိုင်းရင်းသားတော်လှန်ရေးအင်အားစုတွေဟာ ဖက်ဒရယ်တပ်မတော်ရဲ့အင်အားစုတွေပဲလို့ကေအန်ယူ–မူတြော်ခရိုင် ပြောရေးဆိုခွင့်ရှိသူ ပဒိုမန်းမန်းကပြော။
■ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေအနေနဲ့ ယာယီမဟာမိတ်တပ်ပေါင်းစုဖွဲ့စည်းပြီး စစ်အာဏာရှင်ကို တိုက်ခိုက်ကြဖို့ မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းနဲ့ပြည်နယ် အထွေထွေသပိတ်ကော်မတီတွေကတောင်းဆို။
(၂၆.၄.၂၀၂၁)
■ နွေတော်လှန်ရေးကျဆုံးသူများအတွက် စစ်ကောင်စီတာဝန်ခံရမည်ဟု ဗိုလ်ချုပ်ကြီးယွက်စစ် သတိပေး။
■ AAPP အသင်းကို ထိရောက်စွာအရေးယူမည်ဟု အကြမ်းဖက်စစ်အုပ်စုကြေညာ။
■ ရုရှားနှင့်တရုတ် ထုတ်ကုန်နဲ့တင်လုံလောက်နေပြီဟု ဗိုလ်မှူးချုပ်ဇော်မင်းထွန်းပြော။
■ အကြမ်းဖက်စစ်တပ်နှင့်ရဲတပ်ဖွဲ့ဝင် ၂၄ ဦးအသတ်ခံရဟု ဗိုလ်မှူးချုပ်ဇော်မင်းထွန်း ဝန်ခံ။

**VOA**

မနက်(၆–၇) (K-9380 M-32) , (K-7480 M-40) , (K-6150 M-48)
မနက်(၇–၉) (K-15110 M-20) , (K-11820 M-25) , (K-9335 M-32)
ည(၉–၁၀) (K-15450 M-19) , (K-11870 M-25) , (K-9335 M-32)
ည(၁၀–၁၁) (K-11870 M-25) , (K-9335 M-32)

**BBC**

ည (၇–၇း၁၅) (K-7465 M-41) , (K-9560 M-31) , (K-11995 M-25)

ရေဒီယိုတွေမှာ FM နဲ့ AM ဆိုပြီးရှိတယ်။ မြို့ထဲလွှင့်တဲ့ City FM တို့ Mandalay FM တို့က အကွာအဝေးနည်းနည်းပဲ ရောက်တယ်။

AM က ပိုဝေးတဲ့နေရာတွေ လွှင့်တယ်။

AM မှာ ၂ မျိုးရှိတယ်။ MW (လှိုင်းလတ်) နဲ့ SW (လှိုင်းတို)။ လှိုင်းတိုမီတာဘယ်လောက်၊ ဘယ်လောက် ကီလိုဟတ်ဇ်တို့မှ ဖမ်းယူနားဆင်နိုင်ပါသည်ဆိုတဲ့အထဲက လှိုင်းတိုဆိုတာ SW ကို ပြောတာ။

SW က ကြိမ်နှုန်းများတော့ ရေဒီယိုပေါ် မူတည်ပြီး ချန်နယ်လေးတွေ ထပ်ခွဲထားတယ်။ ဥပမာ ချန်နယ် ၁ ဆိုရင် ၅၀၀၀ ကီလိုဟတ်ဇ်ကနေ ၇၀၀၀ ကီလိုဟတ်ဇ်ကြားပေါ့။

နမူနာအနေနဲ့

VOA မနက်(၇–၉) K-15110 M-20, K-11820 M-25, K-9335 M-32

မနက် ၇ နာရီနဲ့ ၉ နာရီကြားမှာ လွှင့်တယ်။ ကြိမ်နှုန်း ၃ ခုကနေ လွှင့်တယ်။ တခုမမိ တခုဖမ်း။ K အနောက်က 15110, 11820 နဲ့ 9335 က ကီလိုဟတ်ဇ်တွေ။ M (မီတာ) တွေကို ခဏမေ့ထားလိုက်။ ရေဒီယိုအများစုမှာက မီဂါဟတ်ဇ် MHz နဲ့ ရေးတတ်တယ်။ KHz ကို 1000 နဲ့စား။ 15.110 MHz, 11.820 MHz နဲ့ 9.335 MHz ပေါ့။ ဘယ်ချန်နယ်က ဘယ်လောက် MHz ကနေ ဘယ်လောက် MHz အထိ ဆိုတာပါလိမ့်မယ်။ အဲ့ဒီအတိုင်း လှည့်ပြီးဖမ်းကြည့်ပါ။

ဓာတ်ခဲအပိုပါ ဆောင်ထားဖို့လိုမယ်။ နောက်တခုက လျှပ်စစ်လိုင်း နှောင့်ယှက်မှု။ ရန်ကုန်လို မီးချောင်းတွေ၊ လျှပ်စစ်ပစ္စည်းတွေများ တဲ့နေရာဆိုရင် လိုင်းမမိ၊ လိုင်းဖမ်းမရ၊ လိုင်းမကောင်း ဖြစ်တတ်တယ်။ နေရာပြောင်းပြီး စမ်းကြည့်။ မီးတွေ၊ လျှပ်စစ်ပစ္စည်းတွေပိတ်ပြီး စမ်းကြည့်ပါ။

ပြည်တွင်းကနေလွှင့်နေတဲ့ ဖက်ဒရယ် FM ကိုတော့ ရန်ကုန်နဲ့ မန္တလေး နေရာတချို့မှာ 90.2MHz ကနေ ဖမ်းယူနိုင်တယ်လို့ သိရပါတယ်။ ထုတ်လွှင့်ချိန်ကိုတော့ ကြိုတင်ကြေညာလေ့မရှိဘဲ များသောအားဖြင့် ကြာသပတေးနဲ့ တနင်္ဂနွေ နေ့လယ် ၂ နာရီဝန်းကျင်မှာ ထုတ်လွှင့်တာတွေ့ရပါတယ်။

● ● ●







## တစ္ဆေတကောင်ရဲ့ ဒိုင်ယာရီ

ဖက်ဆစ်စစ်ဘီလူးတွေကြောင့်ရတဲ့ဒဏ်ရာကို
ထမ်းပိုးနေတဲ့ နိုင်ငံတော်အကြောင်း
ဒိုင်ယာရီရေးမယ်။

အာဏာရူးတွေကြောင့်
ဆာလောင်မှုဒဏ်ကိုခံစားနေရတဲ့
ငါတို့ပြည်သူတွေအကြောင်း
ဒိုင်ယာရီရေးမယ်။

ဒီနွေဦးထဲ
ယမ်းနံ့တွေလှိုင်လှိုင်ပွင့်လို့
သွေးညှီနံ့တွေစွဲကပ်နေတဲ့လမ်းမတွေအကြောင်း
ဒိုင်ယာရီရေးမယ်။

ဒီမိုကရေစီတိုက်ပွဲအတွက်
နေ့စဉ်ပေးဆပ်နေရတဲ့ အသက်တွေကို
စောင့်ကြည့်နေတဲ့ကမ္ဘာကြီးအကြောင်း
ဒိုင်ယာရီရေးမယ်။

နိုင်ငံတော်သီချင်းတောင်မရသေးဘဲ
သေဆုံးသွားတဲ့ ကလေးငယ်များအကြောင်း
ဒိုင်ယာရီရေးမယ်။

တိတ်ဆိတ်မှုတိုင်းဟာ အသံမမဲ့သလို
ချောက်ခြားစရာတီးလုံးတွေနဲ့မြို့ကြီးထဲ
တံခါးမရှိတဲ့အခန်းထဲမှာ တစ္ဆေတကောင်လို
ငါပိတ်မိနေတဲ့အကြောင်း
ဒိုင်ယာရီရေးလိုက်တယ်။ ။

● ကိုခက်သစ်

# မေလ ၅ ရက်ကျောင်းတွင်းလူသတ်ပွဲတွေ ဆန့်ကျင်ကြ

● ထူးခန့်ဇော် ●



တခါတုန်းက ဗိုလ်ခင်ညွန့် စာသင်ခန်းထဲ ရောက်လာတော့ သွက်လက်ချက်ခြာတဲ့ ကလေးတယောက်ကို ခေါ်မေးတယ်။ သူက ဘယ်သူလဲ သိသလားပေါ့ ။ သိပါတယ်ရှင့်ပေါ့။ ဘယ်သူလဲပြောကြည့်စမ်းပေါ့။ ကလေးက တုံးတိတိ ပြန်ဖြေတယ်။ ခင်ညွှန့်တဲ့။ ဘာဘိုလ်ချုပ်ကြီး ဦးခင်ညွှန့်ခမျာ မျက်နှာတော် မည်းချိတ်ပြီး အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်ခဲ့ရပါရောကလား။ ခင်ညွှန့်နေရာမှာ မင်းအောင်လှိုင်သာဆိုရင် အဲဒီကလေးတော့ အူပွင့်သွားမှာပဲ။

ဒီလို ဆင်ခြင်တုံတရားနဲ့ လူရမ်းကားတွေအုပ်ချုပ်နေတဲ့တိုင်းပြည်မှာ ကလေးတွေကို စာသင်ခန်းထဲ ပြန်လွှတ်ဖို့ဖြစ်မလား။ စာဆိုတာ ကိုယ်သင်ပေးရင်လည်း တတ်တာပါပဲ။ ကြေးစားတပ်က အသိအမှတ်မပြုလည်း တိုင်းပြည်

ဆောင်းပါး



# လေလှိုင်းထဲမှအသံတွေကို ဘယ်လိုဖမ်းယူမလဲ



ဝန်ခံချက် – ယခုဆောင်းပါးကို ဆိုရှယ်မီဒီယာတွင်တွေ့ရသော ပို့စ်တခုအား ကိုးကား၍ ပြန်လည်ရေးသားခြင်းဖြစ်သည်။

အင်တာနက်မရှိသော ဒေသများနှင့် လက်ရှိရရှိနေသေးသော ဖိုက်ဘာအင်တာနက်များ ပြတ်တောက်ခဲ့လျှင် သတင်းမှန်များနှင့် အဆက်အသွယ်မပြတ်အောင် ရေဒီယိုကို နားဆင်ကြဖို့လိုပါတယ်။ ရေဒီယိုဖြင့် ဖမ်းယူနားဆင်နိုင်တဲ့ အသံလွှင့်ဌာနအသီးသီးရဲ့ ထုတ်လွှင့်ချိန်နဲ့ ဖမ်းယူနားဆင်ပုံတို့ကို စုစည်းဖော်ပြလိုက်ပါတယ်။


K=KHz (ကီလိုဟတ်ဇ်) , M=Mtr(မီတာ– လှိုင်းတို။လှိုင်းရှည်)

**RFA**

မနက်(၇–၈) (K-7540 M-40) , (K-7510 M-40) , (K-9510 M-32)
ည(၇–၈) (K-9350 M-32) , (K-11795 M-25) , (K-15120 M-20)
ည(၈–၉) (K-9955 M-30) , (K-11795 M-25) , (K-12055 M-25) , (K-13740 M-22) , (K-9380 M-32)

ဆောင်းပါး

# တစ်ခေတ်တစ်ခါ မှတ်စုများ




× ဘိုးဒေါင်း ×

အပိုင်း – ၅

ဒီတပတ်လည်းမအားလပ်သေးတာကြောင့် အခြားမှတ်စုတခုဖြစ်တဲ့ စတီးဝဲလ်ရဲ့အမြင်တခုဖြစ်တဲ့ "တပ်မှူးကောင်းတယာက်ရဲ့အင်္ဂါရပ်"အချို့ကိုတင်ပြလိုက်ပါတယ်။ စတီးဝဲလ်ဆိုတာ ဒုတိယကမ္ဘာစစ်က မြန်မာပြည်စစ်မြေပြင်မှာ တိုက်ပွဲဝင်ခဲ့တဲ့ General Joseph Stilwell။ လီဒိုလမ်းမကြီးကို စတီးဝဲလ်လမ်းမကြီးလို့လည်း ခေါ်ခဲ့တယ်။ ဂျပန်တို့လက်ကနေ မြစ်ကြီးနားကို ပြန်လည်သိမ်းပိုက်ပေးခဲ့တဲ့သူပါ။ တပ်မှူးတွေနဲ့ပတ်သက်တဲ့ သူ့ရဲ့အမြင်လေး ဖော်ပြပေးလိုက်တယ်။

"တပ်မှူးကောင်းတို့မည်သည် မြင့်မားသောစရိုက်လက္ခဏာရှိရမည်။ ဆုံးဖြတ်နိုင်စွမ်းရှိရမည်။ ရဲစွမ်းသတ္တိမရှိလျှင်လည်း ဟန်ကိုယ့်ဖို့သဘောမျိုး နေထိုင်ပြတတ်ရမည်။ လုပ်ငန်းကို ကျွမ်းကျင်နိုင်နင်းရမည်။ ဘက်လိုက်မှုကင်းရမည်။ ချီးကျူးမြှောက်စားသင့်သည်ကို ချက်ချင်းမဆိုင်းမတွ ချီးကျူးမြှောက်စားရမည်။ အပြစ်ပေး အရေးယူစရာရှိလျှင်လည်း ဦးမလေးသင့်။

အခက်အခဲကြုံရချိန်တွင် တည်ငြိမ်မှုရှိရမည်။ လူသားဆန်ရမည်။ မာန်မာနနှိမ့်ချသူဖြစ်ရမည်။ သည်းခံနိုင်စွမ်းရှိရမည်။ စိတ်ရှည်ရမည်။ အကြံဉာဏ်ပေးလျှင် ခံယူနိုင်ရမည်။ ကိုယ်ပိုင် အဆုံးအဖြတ်ကို ပေးနိုင်ရမည်။ ဆုံးဖြတ်ပြီးလျှင်လည်း အစွမ်းကုန် အကောင်အထည်ဖော်နိုင်ရမည်။

တပ်မှူးတဦးသည် လူသားမဆန်ပါက ၎င်း၏နောက်လိုက်များထံမှ တုံ့ပြန်ချက်များကို နားလည်နိုင်စွမ်းရှိမည်မဟုတ်။ အကယ်၍သာ သူသည် လူသားဆန်မည်ဆိုပါက ၎င်းအပေါ်ကျရောက်လာသော သောက၊ ဒုက္ခ၊ အခက်အခဲမှန်သမျှကို ထူးချွန်ပြောင်မြောက်စွာ ရင်ဆိုင်နိုင်ရမည်။

ရက်စက်၍ အကြင်နာကင်းမဲ့ပြီး ကိုယ်ချင်းမစာနာတတ်သောသူသည် လူ ၁၀၀၀၀ တို့၏ အသက်များအန္တရာယ်ကျရောက်မည့် အခြေအနေမျိုးကို လုပ်မိကြမည်သာဖြစ်သည်။

ကိုယ့်အသက် ဆုံးရှုံးရမည်ကိုစိုးရိမ်ပြီး ကိုယ့်ကိုယ်ကိုတော့ ဘေးကင်းရာ၌နေကာ စစ်သည်များကို သေတွင်းသို့ ပို့ခဲ့ကြသူများလည်းရှိသည်။ ၎င်းတို့သည် မိမိ၏ လက်အောက်ခံငယ်သားများ အသက်ဆုံးရှုံးခံရပြီးမှ ရရှိလာသော တံဆိပ်များကို ဝင့်ကြွားစွာ တပ်ဆင်တတ်ကြသည်။"လို့ တပ်မှူးဆိုးတို့ရဲ့ သဘောသဘာနဲ့ တပ်မှူးကောင်းတို့ရဲ့သဘောသဘာဝကို လူသားဆန်မှုနဲ့ခွဲခြားပြခဲ့တယ်။

(ကဲ ဒီတပတ်တော့ ဒီလောက်နဲ့ပဲ ကျေနပ်နိုင်ကြပါစေ။ နောက်တပတ်မှာ ဆုံကြမယ်။)

● ဘိုးဒေါင်း





ပြင်ပကိုထွက်ပြီး ပညာရေးခရီးကို ဆက်နိုင်တယ်။ ပြည်တွင်းမှာနေရင်လည်း ဘွဲ့လက်မှတ်ဟာ ကျွန်ခံရုံ သက်သက်ပဲ။ ဒီတော့ ဘာကြောင့် သက်စွန့်ဆံဖျား ကျောင်းသွားအပ်ကြမလဲ။

စစ်တပ်ဟာ ဘာတာဝန်ယူမှု တာဝန်ခံမှုမှ မရှိဘူး။အခုပဲ ပလက်ဝ မြန်မာ့စီးပွားရေးဘဏ်ကို လက်နက်ကြီးနဲ့ လှမ်းထုလို့ လူ ၃ ဦး ပွဲချင်းပြီးသေခဲ့ရပါရောကလား။ ဘဏ်ထဲကို ဧပြီလ ၂၂ ရက်နေ့ ညနေ ၅ နာရီက လက်နက်ကြီးနဲ့ လှမ်းထုခဲ့တာဖြစ်ပြီး ဘဏ်ဝန်ထမ်း ဒေါ်နွယ်နွယ် အပါအဝင် ကလေး ၂ ဦး ပွဲချင်းပြီးသေဆုံးသွားခဲ့တာပါ။ ဘဏ္ဍာတွေမဖွင့်ရင်ပဲ သေတော့မလောက် ပြာရာခတ်နေတဲ့ စစ်အုပ်စုဟာ ဘဏ်ထဲကို လောင်ချာနဲ့ထုဖို့ကျတော့ တုံဆိုင်းနှောင့်နှေးမှု လုံးဝမရှိခဲ့ဘူး။ လူသတ်တယ်ဆိုတာ သူတို့အဖို့ အင်မတန် လွယ်ကူနေတာဖြစ်တယ်။

ရခိုင်စစ်ပွဲဖြစ်နေတုန်းက စစ်သားမြင်လို့ ကြောက်လန့်တကြားနဲ့ထွက်ပြေးတဲ့ အသက် ၇ နှစ်အရွယ် ကလေးငယ်ကို သေနတ်နဲ့ ပစ်သတ်ခဲ့ဖူးတယ်။ စာသင်ခန်းခေါင်မိုးပေါ် လက်နက်ကြီးနဲ့ တမင်သက်သက် ချိန်တွယ်ပစ်ခတ်ဖူးတာလည်းရှိပါတယ်။ ကြေးစားတပ်ဟာ ထိပ်ဆုံးကနေ အောက်ခြေအထိ လူစိတ်ကင်းတဲ့ အကြမ်းဖက် စစ်အုပ်စု သက်သက်ပဲ။ ရန်ကုန်၊ မန္တလေးနဲ့ မြို့ပြကျေးလက်၊ တောရွာအနှံ့ လက်ရှိ ပစ်ခတ်သတ်ဖြတ်နေတဲ့ လူသတ်ပွဲတွေမှာ ကျောင်းသားတွေသေဆုံးမှုဟာ သေဆုံးသူအားလုံးရဲ့ ၈၀% ကျော်ရှိနေတာလည်းဖြစ်ပါတယ်။ စစ်ခွေးတွေဟာ မိဘရင်ခွင်ထဲပြေးဝင်လာတဲ့ လူမမယ်ကလေးငယ်ကိုတောင် ရက်ရက်စက်စက် ပစ်သတ်ခဲ့တာလည်း ရှိပါတယ်။

ဒီကောင်တွေကိုယုံပြီး ကျောင်းဖွင့်ကြ၊ ကျောင်းတက်ကြမယ်ဆိုရင် ကျောင်းစာသင်ခန်းတွေဟာ သွေးချောင်းစီးကုန်မှာ မုချပဲ။ ကျောင်းထဲမှာ လူစိတ်ရှိတဲ့ ဆရာ၊ ဆရာမတွေလည်း ရှိတော့တာမဟုတ်ဘူး။ အဟိတ်တိရစ္ဆာန် အောက်တန်းစား ငတ်ကြီးကျ စစ်ဒလန် စစ်ခွေး ကျောင်းဆရာအစုတ်ပလုပ်တွေလောက်သာ ကျောင်းမှာ ကျန်ရစ်ခဲ့တာ ဖြစ်ပါတယ်။ အာစရိယဆိုတဲ့ ပါဠိစကားရဲ့ အဓိပ္ပာယ်က လမ်းမှန်ကိုပြသူလို့ အဓိပ္ပာယ်ရတယ်။ စစ်ခွေး စစ်ဒလန် စစ်ဖော်လံ သတင်းပေး သစ္စာဖောက်တွေဟာ အာစရိယဂုဏ်နဲ့ မညီဘူး။ ဒီလို လူ့တိရစ္ဆာန်တွေကို ဘုရားနဲ့ တဂိုဏ်းထဲ မထားအပ်ဘူး။

မေလ ၅ ရက်ဟာ ကျောင်းဖွင့်သောနေ့ဖြစ်ဖို့ထက် သွေးရောင်လွှမ်းသော စာသင်ခန်းများနေ့ပဲဖြစ်ဖို့ပဲရှိပါတယ်။ ဒါကြောင့် မေလ ၅ ရက်နေ့မှာ ဖြစ်ပေါ်လာမယ့် ကျောင်းတွင်းလူသတ်ပွဲတွေကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြရမယ်။ ဒီအတွက် အကောင်းဆုံးနည်းကတော့ ကျောင်းမတက်ဘဲ နေကြဖို့ပဲ။ မိဘတွေကလည်း သားသမီးတွေကို ဇွတ် အဓမ္မ ကျောင်းမလွှတ်ကြဖို့လိုတယ်။ အထူးသဖြင့် အသက်အရွယ်ငယ်တဲ့ ကလေးတွေကို သေတွင်းထဲ တွန်းပို့မိသလိုမဖြစ်စေဖို့ သတိချပ်ကြရမှာလည်း ဖြစ်တယ်။ ပညာရေးလောကမှာရှိတဲ့ ကျောင်းဆရာ ဆရာမ စစ်ခွေး ဒလန်တွေကိုလည်း ဒီနေရာကပဲ ပြင်းပြင်းထန်ထန် သတိပေးပါတယ်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနဲ့ ကျောင်းစာသင်ခန်းတွေမှာ သွေးချောင်းစီးတာမှန်သမျှ သင်တို့ တာဝန်ယူကြရလိမ့်မယ်။

ချဉ်ပေါင်ရွက် ရောင်းစားရင်တောင် ကျောင်းဆရာမ လစာလောက် ရနေတဲ့ခေတ်ပါ။ ကိုယ်တတ်တဲ့ပညာနဲ့ အပြင်မှာ လုပ်ကိုင် စားသောက်ကြပါ။ စစ်ခွေးတွေကကျွေးတဲ့ သွေးအဆိပ်တွေကို စားမနေကြနဲ့တော့။ အမြန်ဆုံး CDM လုပ်ကြ။ ပြည်သူ့ရင်ခွင် ခိုလှုံကြ။ လူသတ်ကောင် မင်းအောင်လှိုင်ကို ဆန့်ကျင်ကြ။

မေလ ၅ ရက် ကျောင်းတွင်း လူသတ်ပွဲတွေကို တတိုင်းတပြည်လုံး အုံကြွဆန့်ကျင်ကြ။

● ထူးခန့်ဇော်



# ပြည်သူ့စစ်

### ဆင်နွှဲရာတွင် သတိပြုဆုပ်ကိုင်ရမည့်

## အခြေခံမူများ (၁)

● ရဲဘော်သံမဏိ ●

တလောက ကျနေ့ာ်ထက်စာဖတ်နာသော စီနီယာတဦးနှင့် စကားပြောဖြစ်ရာ သူက စစ်ကိုင်းတိုင်း ကလေးမြို့အပါအဝင် နေရာတချို့တွင် စစ်အုပ်စုနှင့်ပြည်သူအကြား တိုက်ပွဲဖြစ်ပျက်ပုံများကို ခရေစေ့တွင်းကျ ရှင်းပြပါတယ်။ သူပြောသောအချက်များတွင် စိတ်ဝင်စားစရာကောင်းသောအကြောင်းအရာများ ပါဝင်နေပြီး ပြည်သူတို့က အလစ်အငိုက် ခြုံခိုတိုက်ခိုက်ပုံ၊ တခါတရံတွင် တိုက်ပွဲက လေးငါးနာရီမကကြာပုံ၊ ရန်သူက လက်နက်ကြီး များသုံး၍ ပစ်ခတ်ဖြို ခွဲပုံတို့ကို သိရပါတယ်။

သို့သော် တရားဝင်စာရင်းအရ လူပေါင်း ၇၀၀ ကျော် ကျဆုံးခဲ့ရသည့်အတွက် အတော်လေးနစ်နာဆုံး





ရှုံး ခဲ့ရသည်ဟုပြောနိုင်ပါတယ်။ တိုက်နည်းဗျူဟာမှန်လျှင် ရန်သူဆယ်ဆ မိမိတဆသာ ကျဆုံးရမည်ဖြစ်ပြီး မိမိတို့ ဘက်က ယခုလောက် အကျအဆုံးများတော့မည်မဟုတ်ပါ။

ထို့ကြောင့် ကမ္ဘာအရပ်ရပ်က စစ်ဗျူဟာကျမ်းများ၊ စစ်ဗျူဟာပညာ ရှင်များ၏ ရေးသားတင်ပြချက်များနှင့် လက်တွေ့တိုက်ပွဲများအတွင်းမှ သင်ခန်းစာများကိုထုတ်နုတ်ကိုးကား၍ ပြည်သူ့စစ်ဆင်နွှဲရာတွင် သတိပြု ဆုပ်ကိုင်ရမည့် အခြေခံမူများကို ရှာဖွေတင်ပြလိုက်ရပါတယ်။

**(၁) ပြောက်ကျားစစ်သည် ပြည်သူ့စစ်၊ ပြောက်ကျားသည် ပြည်သူထဲမှဖြစ်ရမည်။**

ရန်သူစစ်အုပ်စုကို ပြောက်ကျားတိုက်မည်ဆိုပါက ပြည်သူတရပ်လုံးပါဝင်ဆင်နွှဲသည့် ပြည်သူ့စစ်အမျိုးအစားဖြစ်ဖို့လိုသည်။ ဆိုလိုသည်မှာ ပြောက်ကျားကသက်သက်၊ ပြည်သူက သက်သက် မဖြစ်စေရ။ ပြောက်ကျားတော်လှန်ရေးသမားသည် ပြည်သူနှင့် တသားတည်းဖြစ်နေရမည်။ ဆရာဝန်၊ ဈေးသည်၊ လယ်သမား၊ ဆိုက်ကားသမား စသည့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များကို လုပ်ကိုင်နေရင်းက တဖက်မှာ ပြောက်ကျားတာဝန်တွေကိုထမ်းဆောင်နေသော မြေအောက်တော်လှန်ရေးသမားဖြစ်ဖို့လိုသည်။ ပြောက်ကျားတွေ ပြည်သူနဲ့အတူရောနေမှ ရန်သူက အလွယ်တကူမရှာနိုင်မှာဖြစ်သလို ပြည်သူက အကာအကွယ်ပေးထားမှာ လည်းဖြစ်တယ်။

**(၂) တိုက်ခိုက်ရေး ယူနစ်အသေးလေးများ ဖွဲ့စည်းရမည်။**

တိုက်ခိုက်ရေးယူနစ် အသေးလေးဆိုတာ လူ(၃)ယောက်ထက်မပိုသော အစုအဖွဲ့ကလေးတခုချင်းစီကို ဆိုလိုတယ်။ လူ(၃)ယောက်တစု ဆယ်ဖွဲ့စုနိုင်ပါက နေရာဆယ်ခုတွင် တပြိုင်တည်းလှုပ်ရှားနိုင်မှာဖြစ်တယ်။ လူ(၃၀) တအုပ်တမကြီးစုထားပါက တနေရာတည်းမှာပဲ လှုပ်ရှား၍ရသလို ရန်သူကလည်း ဖြိုခွဲဖို့လွယ်မယ်။ တိုက်ခိုက်ရေးယူနစ် အသေးလေးတွေက ပိုပေါ့ပါးသလို ပိုပြီး ကျစ်လစ်တယ်။ သွက်သွက်လက်လက်လှုပ်ရှားနိုင်ပြီး ခြေရာဖျောက်ဖို့ ပိုလွယ်မယ်။ ယူနစ်အသေးလေးတွေ တခုချင်းစီရဲ့ လုပ်ဆောင်ချက်အားလုံးကို စုစည်းပေါင်းချုပ်လိုက်ရင် ရန်သူပိုအထိနာပြီး ကိုယ့်ဘက်က အကျိုးအမြတ်ကြီးကြီးရလာမယ်။

**(၃) တိုက်စစ်ကို အသားပေး ၊ခံစစ်ကို ဒုတိယအဆင့်မှာပဲထား။**

ပြောက်ကျားတိုက်ရေးဆိုတာ ရန်သူ့ အလစ်အငိုက်ကိုရွေးပြီး မထင်မှတ်ထားသော အချိန်၊ နေရာမှ ချိန်သားကိုက်ဝင်တိုက်ပြီး ချက်ချင်းပြန်လည်ဆုတ်ခွာရသည့် ဗျူဟာမျိုးဖြစ်သည်။ နေရာယူစစ်လို ခံစစ်သေစဉ်းစားလို့မရ။ မိမိတို့ တိုက်ခိုက်ရေးယူနစ်တခုက ရဲကင်းခပ်သေးသေးတခုကို ရုတ်တရက် ဝင်စီးတာမျိုး၊ ကင်းလှည့်နေသော ရဲကား၊ ဆိုင်ကယ်များကို အလစ်တိုက်တာမျိုးလုပ်ပြီး အမြန်ဆုံးပြန်ဆုတ်ရတာမျိုး စသဖြင့် ရန်သူကို ခြိမ်းခြောက်နေဖို့က လိုရင်းဖြစ်တယ်။ ရန်သူမမြင်ကွယ်ရာကနေ သေနတ်ဖြင့် မိမိရရ တချက်၊ နှစ်ချက်ပစ်ပြီး ပြန်ပြေးတာမျိုးလည်း လုပ်လို့ရတယ်။ အဓိက သေချာပေါက်အနိုင်ရမယ့် တိုက်ပွဲငယ်ကလေးများကို စနစ်တကျတွက်ဆပြီး လက်ဦးမှုရှိရှိ တိုက်နေဖို့ပဲဖြစ်တယ်။

ဆက်လက်ဖော်ပြပါမည်။

● ရဲဘော်သံမဏိ